# ၈၁ မဟာဝဇိရ ဝိပဿနာဉာဏ်တော် ၈၃

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါးကို အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ် သုံးပါးဖြင့် ဝိပဿနာရှုလျှင် ၁၂ x ၃ = ၃၆ ပါးသော ဝိပဿနာဉာဏ်များ ဖြစ်၏။ ဤနည်းဖြင့် စကြဝဠာတိုက် ကုဋေပေါင်း တစ်သိန်းတိုင်အောင် ဝိပဿနာရှု၏။

အရှုခံတရားတွေက အဝိဇ္ဇာပေါင်း ကုဋေတစ်သိန်း၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ ပေါင်းတစ်သိန်းစီ ဖြစ်၍ ကုဋေပေါင်း တစ်သန်းနှစ်သိန်း ရှိသည်။

ဝိပဿနာအရှုခံ ပဋိစ္စသမုပ္ပါဒ်တရား ကုဋေတစ်သန်းနှစ်သိန်းတို့ကို အနိစ္စလို့ ရှုသောဉာဏ်က ကုဋေပေါင်း တစ်သန်းနှစ်သိန်း၊ ဒုက္ခ, အနတ္တ လို့ ရှုသောဉာဏ်ကလည်း ကုဋေပေါင်း တစ်သန်းနှစ်သိန်းစီ ဖြစ်၏။

ကုဋေပေါင်း တစ်သန်းနှစ်သိန်းကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဉာဏ်သုံးပါးဖြင့် မြှောက်လျှင် "မဟာဝဇိရဝိပဿနာဉာဏ်တော်" ကုဋေ သုံးသန်းခြောက်သိန်း ဖြစ်၏။

ဘုရားအလောင်းတော်များသည် မဟာဝဇိရဝိပဿနာဉာဏ်တော်ဖြင့် အရဟတ္တ မဂ်ဉာဏ်ရအောင် ဝိပဿနာအလုပ်ကို အားထုတ်တော်မူကြ၏။

ပညာဉာဏ်ကြီးသောပုဂ္ဂိုလ်များသည် များသောအားဖြင့် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)ပါး ကို ဝိပဿနာဘူမိ = ဝိပဿနာ အရှုခံထားပြီး အားထုတ်ကြ၏။

# ၈။ ပဋိစ္စသမုပ္ပါဒ်တရားတော် ၀၃

❁ "ပဋိစ္စသမုပ္ပါဒ်"ဟူသည် 'အဝိဇ္ဇာ'စသော 'အကြောင်းတရား'တို့ ဖြစ်သည်။

❁ "ပဋိစ္စသမုပ္ပန္န"ဟူသည် ထို'အဝိဇ္ဇာ'စသော 'အကြောင်းတရား'တို့ကြောင့် ဖြစ်ပေါ်လာသော 'သင်္ခါရ'စသော 'အကျိုးတရား'တို့ ဖြစ်သည်။

(ဝိသုဒ္ဓိ၊ ၂၊ ၁၄၈)

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို

❁ ဉာတပရိညာ (ရုပ်နာမ်သဘာဝကို သိခြင်း)

❁ တီရဏပရိညာ (အနိစ္စ, ဒုက္ခ, အနတ္တ ဟု သိခြင်း)

❁ ပဟာနပရိညာ (ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် တို့ဖြင့် ကိလေသာကို ပယ်ခြင်း)

ဉာဏ် (၃) ပါးတို့ဖြင့် မသိခြင်းကြောင့် သံသရာခရီးထဲ၌ ချည်ထွေးကဲ့သို့ဖြစ်၍ 'အပါယ်ဒုဂ္ဂတိ သံသရာ'ကိုင်း၊ 'သုဂတိ သံသရာ'ကိုင်း မလွန်မြောက်နိုင်ဘဲ ဖြစ်နေ၏။

(ဒီ၊ ၂၊ ၄၇)

### ❖ ဟောနည်း (၄) မျိုး ❖

၁။ အစမှ အဆုံးတိုင်အောင် ဟောအပ်သော "အနုလောမ"နည်း။


၂။ အလယ်ဝေဒနာမှစ၍ အဆုံးတိုင်အောင် ဟောအပ်သော "အနုလောမ"နည်း။

၃။ အဆုံးမှ အစတိုင်အောင် ဟောအပ်သော "ပဋိလောမ"နည်း။

၄။ "အာဟာရလေးပါးသည် တဏှာကြောင့် ဖြစ်၏၊ တဏှာသည် ဝေဒနာကြောင့် ဖြစ်၏"စသည်ဖြင့် အလယ်မှ အစတိုင်အောင် ဟောအပ်သော "ပဋိလောမ"နည်း။

(ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ၂၊ ၁၅၄-၅)

၁။ အတိတ်အကြောင်းတရားကြောင့် ပစ္စုပ္ပန်အကျိုးတရားဖြစ်ခြင်း၊ ပစ္စုပ္ပန် အကြောင်းတရားကြောင့် အနာဂတ်အကျိုးတရားဖြစ်ခြင်း ဒေသနာတော် တစ်မျိုးလာ၏။ (ပဋိသမ္ဘိဒါမဂ်)



အဝိဇ္ဇာ
တဏှာ
ကိလေသဝဋ် (၃) ပါး
အတိတ်အကြောင်း (၅) ပါး
ဝိပါကဝဋ် (၇) ပါး
အနာဂတ် အကျိုးအခြင်းအရာ (၅) ပါး
လွန်လေပြီးသောအတိတ်ကာလ
အတိတ်အကြောင်းတလွှာ
အနာဂတ် အကျိုးတလွှာ
ဇရာ မရဏ
ဝေဒနာ
စပ်
၁
၂
၃
၄

## ၁၅ မဟာနိဒါနသုတ် ၀၃

၁။ အဝိဇ္ဇာမှ ဇရာမရဏတိုင်အောင် ဟော (အနုလောမ ပဋိစ္စသမုပ္ပါဒ်နည်း)

၂။ ဇရာမရဏမှ အဝိဇ္ဇာတိုင်အောင် ဟော (ပဋိလောမနည်း)

၃။ အစနှင့် အဆုံးမှ အလယ်တိုင်အောင်ဟော (အနုလောမ ပဋိလောမနည်း)

၄။ အလယ်မှ အစနှင့် အဆုံးတိုင်အောင် ဟော (အနုလောမ ပဋိလောမနည်း)

(ဒီ၊ ၂၊ ၄၇)

### ❖ ဟောခြင်းအကျိုး ❖

၁။ သဿတဝါဒ စသည်တို့၏ မရှိခြင်းကို ထင်းရှားပြ၏။

၂။ ဥစ္ဆေဒဝါဒ စသည်ကို ပယ်ခြင်းကို ထင်ရှားပြ၏။

၃။ ထိုအစွန်းနှစ်ဘက်မှ လွတ်သော မဇ္ဈိမပဋိပဒါ မဂ္ဂင် (၈) ပါး အကျင့်တရားကို ထင်ရှားပြ၏။

### ❖ ဝဋ္ဋ (၃) ပါး ❖

၁။ "ကိလေသဝဋ္ဋ"ဟူသည် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်

၂။ "ကမ္မဝဋ္ဋ"ဟူသည် သင်္ခါရ, ကမ္မဘဝ

၃။ "ဝိပါကဝဋ္ဋ"ဟူသည် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ

### ❖ နာမရူပပစ္စယာ သဠာယတနံ ❖

၁။ နာမ်ကြောင့် မနာယတနဖြစ်ခြင်း

၂။ နာမ်ကြောင့် ရုပ်အာယတနဖြစ်ခြင်း

၃။ ရုပ်ကြောင့် ရုပ်အာယတနဖြစ်ခြင်း

၄။ ရုပ်ကြောင့် မနာယတနဖြစ်ခြင်း

၅။ နာမ်ရုပ်ကြောင့် မနာယတနဖြစ်ခြင်း

# ပဋိစ္စသမုပ္ပါဒ်တရား လင်္ကာဆောင်ပုဒ်

အမှန်မသွား အမှားမြင်ကာ အဝိဇ္ဇာကြောင့် ချမ်းသာလိမ့်နိုး ရည်မျှော်ကိုးလျှက် သုံးမျိုးမှုကံ ပြုစီမံ၍ ဝိညာဏ်တွယ်စပ် နာမ်ရုပ်ကပ်လျှက် ခြောက်ရပ်အာယတန ဖဿခြောက်ဖြာ ဝေဒနာကြောင့် တဏှာခြောက်တန် ဥပါဒါန်နှင့် ဖြစ်ရန်အကြောင်း ကံဆင့်လောင်း၍ ဆိုးကောင်းဘဝ ဖြစ်ရပြန်ရာ အိုကာသေရေး ပူအဆွေးနှင့် ငိုကြွေးကိုယ်နွမ်း စိတ်မချမ်းမြ ပူပန်ရသည် လုံးဝဆင်းရဲစုသာတည်း။

မူလနှစ်ဖြာ ဒွေသစ္စာမှ အလှာလေးထပ် ဝဋ်သုံးရပ်နှင့် အစပ်သုံးဖြာ အင်္ဂါဆယ့်နှစ်ဝ ကာလသုံးသွယ် နှစ်ဆယ်ခြင်းရာ ဉာဏ်ရှစ်ဖြာဝယ် အင်္ဂါငါးတန် ပစ္စပ္ပန်တရား အကျိုးများကို ထင်ရှားမိမိ ရှုသိသူမှာ ဝေဒနာကြောင့် တဏှာဝဋ်မှုဖြစ် မဖြစ်လာဘဲ စက်ပြတ်စဲသည် ဆင်းရဲချုပ်ငြိမ်းလေသတည်း။

မဟာစည်ဆရာတော်

မူလနှစ်ဖြာ သစ္စာနှစ်ခု လေးခုအလှာ အင်္ဂါဆယ့်နှစ်ပါး တရားကိုယ်များနှင့် သုံးပါးအစပ် နှစ်ရပ်မူလ ဝဋ်သုံးဝနှင့် ကာလသုံးဖြာ ခြင်းရာနှစ်ဆယ် ဉာဏ်ရှစ်သွယ်ကို အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှလွတ်ကြောင်းတည်း။

မိုးကုတ်ဆရာတော်

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၀၅/၁၂/၂၀၂၁
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org